# မြန်မာ - တစ်နှစ်ကြာအင်တာနက်ဖြတ်တောက်မှုအားရပ်တန့်ရမည်

**ရခိုင်နှင့်ချင်းပြည်နယ်များတွင် အင်တာနက်ဖြတ်တောက်ထားမှုသည် တစ်နှစ်ပြည့်သွားပြီးဖြစ်သဖြင့် အင်တာနက်တားဆီးဖြတ်တောက်ထားမှုအား ရပ်တန့်ပြီး ရက္ခိုင့်တပ်မတော် နှင့် ယာယီအပစ်အခတ် ရပ်စဲဖို့ရန် မြန်မာအစိုးရအား ICJ မှထပ်မံတိုက်တွန်းလိုက်သည်။**

အစိုးရမှ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများအား အင်တာနက်ဝန်ဆောင်မှု ရပ်တန့်ဖို့ရန် ဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၇၇ ကိုလည်း ပြင်ဆင်ဖို့ရန် ICJ မှတိုက်တွန်းလိုက်သည်။

"ရခိုင်နှင့်ချင်းပြည်နယ်များရှိ အင်တာနက်ဖြတ်တောက်ထားမှုသည် လွတ်လပ်စွာပြောဆိုနိုင်သည့် အခွင့်အရေးအား ချုပ်ချယ်လျက်ရှိပြီး သတင်းအချက်အလက်များဖြန့်ဝေမှုကိုလည်း တားဆီးထားကာ ဘေးဒဏ်ခံရလျက်ရှိ သည့် ရပ်ရွာပြည်သူလူထု၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့အား လက်လှမ်းမီနိုင်ရေးတို့အတွက် အခက်အခဲကြုံစေကာ ဒုက္ခသည် ပြည်သူများ၏ ဘေးဒုက္ခကို ပိုမိုဆိုးရွားစေသည်" ဟူ၍ ICJ ၏ အာရှပစိဖိတ်ညွှန်ကြားရေးမှူး ဖရက်ဒရစ်ရော်စကီးမှ ပြောကြားသည်။ "ထိုကဲ့သို့ပြင်းထန်သည့် လုပ်ရပ်မျိုးသည့် မလိုအပ်သလို အချိုးမမျှကြီးမားသည့် ပုံစံမျိုးဖြစ်နေပါသည်။ အစိုးရအနေဖြင့် မိမိ၏ပြည်သူများကို တိုက်ပွဲများ ဆင်နွှဲမည့်အစား COVID-19 အား တိုက်ဖျက်ရာတွင် အာရုံစိုက်သင့်ပါသည်" ဟူ၍ ပြောကြားခဲ့သည်။

ဤဖြတ်တောက်မှုအား ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန (ပို့ဆက်ဝန်ကြီးဌာန) မှ ၂၀၁၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် စတင်ခဲ့ပြီး ရက္ခိုင့်တပ်မတော် နှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း အစိုးရ၏ရည်မှန်းချက်များကို အကောင်ထည်ဖော်နိုင်ဖို့ရန် အလို့ငှာဆောင်ရွက်ခဲ့သည့် ပုံစံမျိုးဖြစ်ပါသည်။

"အများပြည်သူအကျိုး" အတွက်ဆောင်ရွက်ရန်နှင့် "အရေးပေါ်အခြေအနေ"တို့တွင် "ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ်မှု အမျိုးအစားတစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကို ရရှိနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ယာယီထိန်းချုပ် သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူအားညွှန်ကြားနိုင်"သည့် အခွင့်အာဏာကို ဆက်သွယ်ရေး ဥပဒေ၏ ပုဒ်မ ၇၇ အရ ပို့ဆက်ဝန်ကြီးဌာနထံသို့ အပ်နှင်းထားပါသည်။ သို့ရာတွင် ဥပဒေသည် "အရေးပေါ်အခြေအနေ" အား ပြည့်စုံစွာအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိပေ။ ပုဒ်မ ၇၇ သည် ကျယ်ပြန့်ပြီး ရှင်းလင်းမှုမရှိသည့်အတွက် အရပ်သားတရားရုံးများမှဆောင်ရွက်သည့် လွတ်လပ်သော တရားရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုမရှိပါက ထိုပုဒ်မအား အာဏာပိုင်များမှ အသုံးချသွားမည့် အန္တရာယ်ကို ICJ မှ ယခင်က ဆွေးနွေး သတိပေးခဲ့ပါသည်။

ဧပြီလတွင် မြန်မာနိုင်ငံ၌ COVID-19 ကူးစက်သူလူနာများစတင်ရှိလာသည့်အချိန်တွင် အွန်လိုင်းမီဒီယာများကို မလိုအပ်ဘဲ အကြောင်းတရားခိုင်ခိုင်လုံလုံမရှိဘဲ ပိတ်ဆို့ထားမှုသည် လွတ်လပ်စွာပြောဆိုခွင့်နှင့် သတင်းအချက်အလက်ဖြန့်ဝေပိုင်ခွင့်တို့ကို ချိုးဖောက်ခြင်းဖြစ်ပြီး ဘေးဒုက္ခခံစားနေရသည့် ရပ်ရွာပြည်သူလူထုများ၏ ကျန်းမာရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီနိုင်မှုကိုလည်း တားဆီးထားသကဲ့သို့ ဖြစ်နေကြောင်း ICJ မှ ထောက်ပြခဲ့ပါသည်။ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ သဘောတူစာချုပ် (ICESCR) ပါ ကျန်းမာရေးဆိုင်ရာအခွင့်အရေးထဲတွင် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရေးပါဝင်ပြီး မြန်မာနိုင်ငံသည် ယင်းစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။

"အင်တာနက်ဖြတ်တောက်မှုသည် တိုင်းရင်းသားလူနည်းစုပြည်နယ်များရှိ ပြည်သူအများအပြားအား အစိုးရဝန်ဆောင်မှုများ၏ အကျိုးကျေးဇူးများနှင့် COVID-19 အား တုန့်ပြန်မှုလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို တားဆီးထားသကဲ့သို့ ဖြစ်နေသည်" ဟူ၍ ဖရတ်ဒရစ်ရော်စကီးမှ ပြောကြားသည်။ "ထိုကဲ့သို့ အားလုံးကိုခြုံပြီး အင်တာနက်ဖြတ်တောက်ထားမှုသည် အမျိုးသားလုံခြုံရေး အကြောင်းပြချက်များအရ မလိုအပ်သလို အစိုးရ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း အနှောင့်အယှက် ဖြစ်စေပါသည်" ဟူ၍ ပြောကြားခဲ့သည်။

ကျန်းမာသန်စွမ်းရန်အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ဖို့ရန် ဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံမှုမရှိစေရေးမှုကို ICESCR အရ လိုက်နာဖို့ရန် အဖွဲ့ဝင်နိုင်ငံများမှ လိုအပ်ပါသည်။ အင်တာနက်ပိတ်ဆို့မှုသည် လူနည်းစုတိုင်းရင်းသားများ၏ လူ့အခွင့်အရေးများထံ အချိုးမမျှဘဲကြီးမားစွာ ဆိုးရွားသည့်သက်ရောက်မှုများကျရောက်နေသည်မှာ ထင်ရှားပါသည်။

ကုလသမဂ္ဂအရာရှိများ၊ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်များ မှ တိုက်တွန်းမှုများ ဆောင်ရွက်ခဲ့သော်လည်း ရက္ခိုင့်တပ်မတော်လှုပ်ရှားလျက်ရှိသည့် ရခိုင်နှင့် ချင်းပြည်နယ်တို့အပါအဝင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲမှုကိုဆောင်ရွက်ရန် မြန်မာအစိုးရမှ ငြင်းဆိုလျက်ရှိနေဆဲ ဖြစ်ပါသည်။ ဤပဋိပက္ခကြောင့် လူ့အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရပြီး အများစုမှာ ဥပဒေမဲ့သတ်ဖြတ်မှုများဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများကိုလည်းရရှိစေကာ ပြည်သူအမြောက်အများ နေရပ်စွန့်ခွာပြီးနေထိုင်ရလျက် ရှိပါသည်။

**ဆက်သွယ်ရန်**

ဖရတ်ဒရစ်ရော်စကီး - ICJ အာရှပစိဖိတ်ညွှန်ကြားရေးမှူး၊ အီးမေးလ် - Frederick.rawski@icj.org

**သက်ဆိုင်ရာစာများ**

Publication: Myanmar's ongoing Internet shutdown and hostilities threaten right to health during COVID-19

Statement: Government must lift online restrictions in conflict-affected areas to ensure access to information during COVID-19 pandemic

Report: Curtailing the Right to Freedom of Expression and Information in Myanmar